# ပွဲတော်မင်္ဂလာနှင့်ပတ်သက်၍အမေးများသော မေးခွန်းများကို နှုတ်ကပတ်တော်နှင့် ကိုက်ညီအောင်ဖြေကြားခြင်း

## ကလေးသူငယ်များ

→ ကလေးသူငယ်များပွဲတော်မင်္ဂလာစားခွင့်ရှိပါသလား?

ထိုအကြောင်းအရာကို သမ္မာကျမ်းစာ၌ တိုက်ရိုက်ဖော်ပြခြင်းမရှိပါ။

**ယေရှုသည် ကလေးသူငယ်များကိုလက်ခံခဲ့သည်**

ကလေးသူငယ်များယေရှုထံဆောင်လာကြသောအခါတပည့်တော်တို့က ဆီးတားခဲ့ကြသည်။ **"ထိုအခါ ယေရှုကလည်း ထိုသူငယ်တို့ကို ရှိစေတော့။ ငါ့ထံသို့လာသည်ကို မဆီးတားကြနှင့်။ ကောင်းကင် နိုင်ငံတော်သည် ထိုသို့သောသူတို့၏ နိုင်ငံဖြစ်သည်ဟု မိန့်တော်မူ၍၊ သူတို့အပေါ် လက်တော်တင်ပြီး"(မဿဲ ၁၉း၁၃–၁၅)**

**ကလေးသူငယ်များယုံကြည်ခြင်းရှိနိုင်ပါသလား?**

သင်ကိုယ်သင်ဤသို့မေးပါ။ ကလေးသူငယ်များ ယုံကြည်နိုင်ပါသလား? ယုံကြည်နိုင်လျှင် ပွဲတော်မင်္ဂလာသုံးဆောင်ရန် ဘယ်အရာက သူတို့ကို တားဆီးနေပါသနည်း။

**ပသခါပွဲပုံဥပမာ**

ဣသရေလလူမျိုးများ ပသခါပွဲကို ပထမဦးဆုံး အဲဂုတ္တုပြည်၌ သုံးဆောင်ကြသောအခါ မိသားစုအားလုံးပါဝင်ခဲ့ကြသည်။ **သူတို့အားလုံးသည် သိုးသငယ်၏အသွေးတော်ကြောင့် လွတ်မြောက်ခြင်းရခဲ့ကြသည်။ သူတို့အားလုံးသိုးသငယ်၏အသားကို စားခဲ့ကြသည် (ထွ၁၂)။**ထိုအချိန်က လူကြီးများ၊ ဖခင်များတို့က သိုးသငယ်၏အသားကို ကလေးသူငယ်များမစားရန် တားမြစ်ခြင်းရှိမည်ဟု ယုံကြည်ပါသလား?

* * * * *

## ပွဲတော်မင်္ဂလာမစားမီ ရေနှစ်ခြင်းမင်္ဂလာ ခံယူရန် လိုအပ်ပါသလား?

→ တစ်စုံတစ်ယောက်သောသူသည် ပွဲတော်မင်္ဂလာသုံးဆောင်နိုင်ရန် အရင်ဦးဆုံး ရေနှစ်ခြင်းမင်္ဂလာ ခံယူရမည်လော။

ဤမေးခွန်း၏အဖြေသည်လည်း သမ္မာကျမ်းစာ၌ ဖော်ပြခြင်းမရှိပါ။

**သမ္မာကျမ်းစာ၏ပံ့ဆောင်ချက်**

ဣသရေလလူမျိုးများ အဲဂုတ္တုပြည်မှထွက်လာကြသောအခါ **ရေနှစ်ခြင်းခံယူခြင်းမရှိသေးပေ။ သို့သော်လည်း ထိုသူတို့သည် သိုးသငယ်၏အသားကို စားခဲ့ကြပါသည်။** သမ္မာကျမ်းစာက ထိုသူတို့သည်မောရှေအားဖြင့် ပင်လယ်နီ၌ ရေနှစ်ခြင်းခံယူခဲ့ကြကြောင်းဖော်ပြထားပါသည်။**(၁ကော၁၀း၂)**

➤ ထိုသူတို့သည် ပသခါပွဲကို ပင်လယ်နီမဖြတ်ခင်မှာပင်စားသုံးခဲ့ကြသည်။

**သမ္မာကျမ်းစာ၏ပံ့ဖော်ချက်**

သမ္မာကျမ်းစာ၌ ရိုးရှင်းစွာ ဤသို့ဖော်ပြထားပါသည်။ **တစ်စုံတစ်ယောက်သောသူသည်ယေရှုကို ယုံကြည်လျှင် ရေနှစ်ခြင်းမင်္ဂလာခံယူရမည်။**ပင်တေကုတ္တေနေ့တွင်ပေတရုကဤသို့ပြောပါသည်။

**"နောင်တရ၍ တယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကိုခံကြလော့"(တမန်တော် ၂း၃၈) တမန်တော် ၂း၄၁ တွင်လည်း ဤသို့ဖော်ပြသည်။ "ထိုစကားကို အသင့်နှလုံးသွင်းမိသောသူတို့သည် ဗတ္တိဇံကိုခံ၍ ထိုနေ့၌"(အယ်၄၂)ဗတ္တိဇံခံယူသောသူတို့သည် တစ်အိမ်ပြီးတစ်အိမ်မုန့်ကိုဖဲ့ခြင်း၊ ပွဲတော်ကိုနေ့တိုင်းသုံးဆောင်ခဲ့ကြသည်။(တမန်တော်၂း၄၁–၄၆)**

**များစွာသောသူတို့သည် သမ္မာကျမ်းအတိုင်းလိုက်လျှောက်ခြင်းမရှိပါ**

ယခုခေတ်အသင်းတော်များသည် ယုံကြည်သူအသစ်များကိုချက်ခြင်းရေနှစ်ခြင်းမင်္ဂလာမပေးကြပါ။ ထို့ကြောင့်ရေနှစ်ခြင် မင်္ဂလာမခံယူသေးသော ယုံကြည်သူများပွဲတော်သုံးဆောင်ရန်သင့်တော်ပါသလား?ဟု စိတ်ရှုတ်ထွေးခဲ့ကြပါသည်။

* * * * *

## ပွဲတော်တွင်ဘာကို သုံးဆောင်သင့်ပါသလဲ?

→ ပွဲတော်သုံးဆောင်ရာ၌ ပေါင်မုန့်နှင့်စပျစ်ရည်ကိုသာသုံးရမည်လား?

**ယေရှုသည် မုန့်ကိုယူပြီး**

**ခွက်ကိုလည်း ယူသည်**

ဓမ္မသစ်ကျမ်း၌ ထိုခွက်တွင် စပျစ်ရည်ထည့်ထားကြောင်း ဖော်ပြမထားပါ။ သို့သော်လည်း စပျစ်ရည်အကြောင်းကိုနောက်ပိုင်းတွင် ယေရှုကပြန်လည်ပြောကြားကြောင်းကိုတွေ့ရပါသည်။

**(လုကာ၂၂း၁၈၊ မာကု၁၄း၂၅၊ မဿဲ၂၆း၂၉)**

**ဂုဏ်းကနများ၏ကျင့်သုံးနည်း**

လွန်ခဲ့သောအချိန်များတွင် ဂုဏ်းကနတော်တော်များများတို့သည် စပျစ်ဝိုင်ကိုသာအသုံးပြုခဲ့ကြသည်။ ထိုအရာကိုအသုံးပြုခြင်းသည် သမ္မာတရားနှင့်ကိုက်ညီသည်ဟုယုံကြည်ကြသည်။ ယခုခေတ်အသင်းတော်များသည် စပျစ်ဖျော်ရည်ကိုသာအသုံးပြုလာကြသည်။

➤ **သမ္မာကျမ်းစာ၌ ထိုခွက်သည် စပျစ်ဝိုင် (သို့) စပျစ်ဖျော်ရည်ဖြစ်ကြောင်း တိတိကျကျဖော်ပြခြင်းမရှိပါ။**

ထို့ကြောင့်ပွဲတော်မင်္ဂလာတွင် ဘယ်အရာကို သုံးဆောင်သင့်ကြောင်း အငြင်းအပွားမလုပ်သင့်ပါ။

ဝိညာဉ်တော်နှင့်ပြည့်ဝသောယုံကြည်သူအသင်းတော်များတွင် စပျစ်ဖျော်ရည်(သို့)အချိုရည်များကိုသာအသုံးပြုကြသည်။ထိုသို့ဆိုလျှင် ကိုလာဖျော်ရည်(သို့)အခြားဖျော်ရည်အသုံးပြုနိုင်ပါသလား?လက်ဘက်ရည်ကို အသုံးပြုနိုင်ပါသလား?

**ပေါင်မုန့်နှင့်စပျစ်ရည်မရနိုင်သောနေရာတွင်ဘာကိုအသုံးပြုရမည်နည်း?**

မြို့နှင့်ဝေးလံသောရွာများ၊ ပေါင်မုန့်နှင့်စပျစ်ရည်ဝယ်ရန် ဆိုင်မရှိသောနေရာများ၊ စပျစ်ခြံမရှိသောနေရာများတွင် မည်သို့ပြုရမည်နည်း။

ဤမေးခွန်းများအတွက် **လက်တွေ့ကျသောအဖြေများကိုဖြေတတ်ရမည်**။ပွဲတော်မင်္ဂလာတွင် အဓိကကျသောအရာမှာ **ယေရှုကိုအာရုံပြုခြင်း သူ့ကိုအောက်မေ့ခြင်းဖြစ်သည်**။

**ယေရှုသည်သင်နှင့်အတူစားသောက်မည်လား?**

ယေရှုသည် သင်နေသောရွာ၊သင့်အိမ်သို့ အလည်လာခဲ့သည်။ သင်သည်နေ့တိုင်းပုံမှန်စားသောက်သောအစားအစာနှင့် ယေရှုကိုဧည့်ခံခဲ့လေသည်။သင်ဧည့်ခံသောအရာမှာရေလည်းဖြစ်နိုင်သည်။ **ထိုအခါယေရှုသည် သင်နှင့်အတူစားသောက်ပါမည်လော?**သင့်မိသားစုကလေးသူငယ်များနှင့်စားသောက်ခြင်းကို ငြင်းပယ်မည်လော?

* * * * *

**ပွဲတော်ကို မည်သူဦးဆောင်ရမည်နည်း?**

→ ပွဲတော်ပေးရန်သိက္ခာတော်ရဆရာတော်များကသာပေးသင့်ပါသလား?

**ဓမ္မဟောင်းကျင့်သုံးနည်း**

ဓမ္မဟောင်းပညတ်တော်ခေတ်တွင် ယဇ်ပလ္လင်၌ယဇ်ပူဇော်သောယဇ်ပုရောဟိတ်မင်းကသာပူဇော်သက္ကာကိုပြုနိုင်သည်။**(ဝတ်ပြုရာ ၇း၅–၆)**

**ဓမ္မသစ်ကျမ်းတွင် ယဇ်ပုရောဟိတ်မင်းများကား မည်သူနည်း?**

**ဗျာဒိတ်၁း၅–၆** တွင် ဤသို့ဖော်ပြထားသည်။ **"မိမိအသွေးနှင့်ငါတို့အပြစ်များကိုဆေးကြောတော်မူ၍ မိမိခမည်းတော်ဘုရားသခင်ရှေ့၌ ငါတို့ကိုရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ်အရာ၌၎င်းခန့်ထားတော်မူသည်"**

**ဗျာဒိတ် ၅း၁၀** တွင် ဘုရားသခင်၏ လူများကို **"ရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ်အရာ၌၎င်း၊ ခန့်ထား၍ မြေကြီးပေါ်မှာစိုးစံရသောအခွင့်ကိုပေးတော်မူ၏"**

**ဘုရားသခင်၏လူအားလုံးသည်ယဇ်ပုရောဟိတ်များဖြစ်ကြ၏။**

**၁ပေ၂း၅ တွင်** ကျွန်ုပ်တို့သည် ဝိညာဉ်ပိုင်းဆိုင်ရာပူဇော်သက္ကာပြုနိုင်သော **ယဇ်ပုရောဟိတ်များ** ဖြစ်ကြောင်းဖော်ပြထားသည်။ **"အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ်တည်ဆောက်လျက်ရှိသဖြင့် ဓမ္မတိုက်ဖြစ်ကြ၏။ယေရှုခရစ်အားဖြင့်ဘုရားသခင်နှစ်သက်တော်မူရာ ဓမ္မယဇ်ကိုပူဇော်ရသော သန့်ရှင်းသောယဇ်ပုရောဟိတ်မျိုးလည်းဖြစ်ကြ၏"**

➤ **ယေရှုကို အမှန်တကယ်ယုံကြည်လက်ခံသောသူတိုင်းပွဲတော်မင်္ဂလာပေးနိုင်ပါသည်။**

* * * * *

**ပွဲတော်မင်္ဂလာဘယ်နှစ်ကြိမ်သုံးဆောင်သင့်သလဲ?**

- "**ခုနှစ်ရက်တွင်ပဌမနေ့၌**" ကနဦးအသင်းတော်များ ပွဲတော်သုံးဆောင်ခဲ့ကြကြောင်း အထောက်အထားတွေ့နိုင်ပါသည်။ **တမန်တော် ၂၀း၇**
- ကနဦးအသင်းတော်သည် **အိမ်၌တွေ့ဆုံကြပြီး အိမ်၌ပွဲတော်ကိုနေ့တိုင်းသုံးဆောင်ခဲ့ကြသည်။ တမန် ၂း၄၆**

ကနဦးအသင်းတော်သည် အိမ်၌တွေ့ဆုံကြပြီး အိမ်၌ပွဲတော်ကိုသုံးဆောင်ခဲ့ကြသည်။ တမန်တော်ခေတ်ယုံကြည်သူများ၏ အသက်တာပြန်လည်ရရှိနိုင်ရန်အရေးပါသောအရာမှာ **ယုံကြည်သူများအိမ်၌ စုဝေးကြသောအခါတိုင်းပွဲတော်သုံးဆောင်ခြင်းကို ပြန်လည်ကျင့်သုံးခြင်းဖြစ်သည်။**